ဆန္ဒပြကန့်ကွက်ခြင်း၊ အိတ်ဖွင့်ပေးစာ

သို့

ရက်စွဲ ၊ ၆.၆.၂၀၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်

အကြောင်းအရာ ။ "မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ မရှိပါဟု ပြောဆိုချက်ကို ပြင်းပြင်းထန်ထန်ကန့်ကွက်ခြင်း"

ကျွန်မ နှင်းမေအောင် (ခ) ခိုဘယ်(လ်) အား

မှတ်ပုံတင်အမှတ် ၁၂/သသက(နိုင်) ၀၄၄၈၆၆ - အဘ - ဦးသက်ထွန်းအောင် သည် ၁၉၉၆ ခု ဒီဇင်ဘာ ကျောင်းသားအရေးအခင်း ဖြိုခွဲခံခဲ့ရပုံ အကြောင်း လက်ကမ်းစာစောင်ဖြန့်ဝေမှုဖြင့် (၁၉၉၈)ခုနှစ်စက်တင်ဘာလ တွင် ဖမ်းဆီးခံ - ၁၉၉၉ - ခု ဇန်နဝါရီလတွင် ၅-(ည) ၊ ပုဒ်မ ၁၇/၂၀ ဟူသောပုဒ်မများဖြင့် ထောင်ဒဏ် (၄၂) နှစ် ပြစ်ဒဏ်ချမှတ် အကျဉ်းကျခြင်း ခံခဲ့ရပါသည်။ ၂၀၀၅ ခုနှစ်တွင် အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ မလျော်မကန်ပြုမှုများကြောင့် ပြစ်ဒဏ်ကျခံနေရသူများအား ပြန်လည်သုံးသပ်ပေးရာ - ၂၀၀၅ ခုနှစ် ဇူလိုင်လ(၆) ရက်နေ့တွင် သက်ဆိုင်ရာတာဝန်ရှိလူကြီးမင်းများ၏ မိမိယုံကြည်ရာနိုင်ငံရေးကို ဆက်လက်လုပ်ကိုင်ခွင့် ရှိပါသည် ဟူသော အသိပေး နှစ်သိမ့်ပြောဆိုမှုများဖြင့် မြောင်းမြ အကျဉ်းထောင်မှ လွှတ်မြောက်ခဲ့ပါသည်။

အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာပြီး ချိန်တွင် - ထိုအချိန်က မြန်မာနိုင်ငံ၏ နိုင်ငံ့အရေး ၊ အခြေအနေများကို လေ့လာသုံးသပ်ရာ - မြန်မာနိုင်ငံသားအားလုံး၏ လူ့အခွင့်အရေး ၊ ဒီမိုကရေစီရေး ငြိမ်းချမ်းရေး ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး စသော အကြောင်းအရာများအတွက် တွေ့ဆုံဆွေးနွေး အခြေရှာသော နည်းလမ်းဖြင့် ဖြေရှင်းခြင်းကို လိုလား နှစ်သက်သူများနှင့် သဘောထား အမြင်ချင်း တူညီခဲ့ရာမှ - ဆွေးနွေး ပြောဆိုမှုများ ၊ ဝေမျှ အကြံပြုချက်များ လုပ်ဆောင်ခဲ့ကြသည့် အတွက် - ၂၀၀၇-ခုနှစ် - ဩဂုတ်လ

တွင် ထပ်မံ ဖမ်းဆီးခြင်း ခံခဲ့ရပြီး ၊ ၂၀၀၈ ခုနှစ် - နှစ်ကုန်ခါနီး တွင် (အသင်းအဖွဲ့ - ၆ ၊ ရာ - ၅၀၅ (ခ)) ပုဒ်မများ တပ်၍ ပြစ်ဒဏ် (၁၁) နှစ် ချမှတ်ခံခဲ့ရပါသည်။ ယခုလက်ရှိ ပုံရွာ အကျဉ်းထောင်တွင် အကျဉ်းကျခံနေရသူဖြစ်ပါသည်။

ကျွန်မ အကျဉ်းကျခံခဲ့ရသော ပြစ်ဒဏ်များ အားလုံးသည် မြန်မာနိုင်ငံ၏ နိုင်ငံ့အရေး နှင့်ပတ်သက်သော အကြောင်းအရာများကို ဆွေးနွေးပြောဆိုမှု ၊ ဝေဖန်အကြံပြုချက်များ ပြုလုပ်ခဲ့မှု တို့အတွက် ကြောင့် အကျဉ်းကျခံခဲ့ရပြီး ၊ အကျဉ်းကျခံနေရသူဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် ကျွန်မ နှင်းမေအောင် (ခ) နိုဘယ်(လ်)အေး (အဖ) ဦးသက်ထွန်း ၊ ဒေါ်အောင် သည် အမှန်တကယ် နိုင်ငံရေးကြောင့် အကျဉ်းကျခံနေရသည့် နိုင်ငံရေး အကျဉ်းသား တစ်ဦး ဖြစ်ပါသည်။

ကျွန်မကဲ့သို့ပင် မြန်မာနိုင်ငံ၏ နိုင်ငံ့အရေး နှင့်ပတ်သက်သော အကြောင်းအရာများကို ဆွေးနွေးပြောဆိုဝေဖန်အကြံပြုချက်များ ကြောင့် ပြစ်ဒဏ်ချ အကျဉ်းကျခံနေရသည့် နိုင်ငံရေး အကျဉ်းသားများ မြန်မာနိုင်ငံ အနှံ့ ၊ ရှိ အရပ်ရပ်ရှိ အကျဉ်းထောင်များတွင် အကျဉ်းကျခံနေရသူ ဖြစ်ပါသည်။

သို့ဖြစ်ပါသော်လည်း ၊ ........ ယခုလက်ရှိ ဒီမိုကရေစီ စနစ်ကို အကောင်အထည်ဖော် လျက်ရှိပါသည်ဆိုသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသစ်၏ ဒုတိယ သမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး နှင့် အမေရိကန် အထက်လွှတ်တော် အမတ် မစ္စတာ ဂျွန်မက်ကိန်း တို့ ၂၀၁၁ ခုနှစ် - ဇွန်လ - ၂ - ရက်နေ့ တွေ့ဆုံကြရာ၌ မစ္စတာ ဂျွန်မက်ကိန်း ၏ မေးမြန်းချက်တွင် ပါဝင်သော နိုင်ငံရေး အကျဉ်းသားများ အကြောင်း မေးမြန်း ပြောဆိုချက်ကို မြန်မာနိုင်ငံ ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး မှ မြန်မာနိုင်ငံတွင် နိုင်ငံရေး အကျဉ်းသား မရှိပါ ဟု ငြင်းဆိုသွားခဲ့ပါသည်။

ထိုနေ့တွင်ပင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် နှင့် အမေရိကန် အထက်လွှတ်တော် အမတ် မစ္စတာ ဂျွန်မက်ကိန်း တို့ တွေ့ဆုံကြရာတွင်လည်း ၊ မစ္စတာ ဂျွန်မက်ကိန်း ၏ နိုင်ငံရေး အကျဉ်းသားများ

အကြောင်း၊ မေးမြန်းချက်ကို နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် မှ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ မရှိပါဟု ဖြေဆိုသွားခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရသစ်၏ အစိုးရအဖွဲ့ဝင်များ ဖြစ်ကြသော ဒုတိယသမ္မတ ဆိုင်ယာဘူရ ဦးတင်အောင်မြင့်ဦး နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တို့၏ မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများ မရှိပါဟု ဖြေဆိုခြင်းဆိုမှုကို - မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေး စသော နိုင်ငံ့အရေး၊ အခြေအနေ အကြောင်းအရာများကို ဆွေးနွေးဝေဖန် အကြံပြုခဲ့မှုတို့ကြောင့် ပြစ်ဒဏ်ချ အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ကျွန်မ နှင်းမေအောင် (ခ) ခိုအယ်(လ်) အား အနေဖြင့် ပြင်းပြင်းထန်ထန် ကန့်ကွက်လိုက်ရပါသည်။

ပွင့်လင်း၍ တရားမျှတသော ဒီမိုကရေစီစနစ်ကို ပုံဖော် ဖော်ဆောင်လျက် နေကြသည့် အစိုးရသစ်၏ အစိုးရအဖွဲ့ဝင်များ အနေဖြင့် ယခုကဲ့သို့ ဖြေဆိုပြောဆိုမှုများသည် - ဒီမိုကရေစီ၏ အခြေခံဖြစ်သော တရားမျှတမှု မှ ကင်းမဲ့သွားမည် ဖြစ်၍၊ အဂတိလိုက်စားခြင်းနှင့် ပကတိ အခြေအနေများကို လျစ်လျူရှု၊ မျက်ကွယ်ပြု လိမ်လည်နေခြင်း သာဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသား မရှိပါဟူ ဖြေဆိုချက်ကို ယနေ့ (၆.၆.၂၀၁၁) ရက်မှ စတင်၍ ရက်ပေါင်း (၃၀) အတွင်း တာဝန်ရှိ အစိုးရအဖွဲ့ဝင် လူကြီးမင်းတို့မှ ပြန်လည်ရုပ်သိမ်း ပေးပါရန်။

ထိုကဲ့သို့ မပြုလုပ်ခဲ့ပါက ကျွန်မ အနေဖြင့် ကန့်ကွက်မှုများ ဆက်လက်ပြုလုပ်နေရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန် ထံသို့ အသိပေး တင်ပြအပ်ပါသည်။

6.6.2011

နှင်းမေအောင် (ခ) မခိုအယ်လ်ဘား
အ- ဦးသက်ထွန်းအောင်